Government of Western Australia
Child and Adolescent Health Service

Perth Children's Hospital

# ပြည်ပမှညေ့်သည်များအတွက် သတင်းအချက်အလက်များ

ပြည်ပမှညေ့်သည်တစ်ဦးအနေဖြင့် အောက်ပါအထဲမှ တစ်ခုခု မရှိပါက သင်၏ဆေးကုသစရိတ် ပေးဆောင်ရမည်ဖြစ်ပါသည်–

- သက်တမ်းရှိ Medicare ကဒ်
- သြစတြေးလျနှင့် အပြန်အလှန်ကျန်းမာရေးစောင့်ရှောက်မှုသဘောတူညီချက် (Reciprocal Health Care Agreement (RHCA)) အရ အကျုံးဝင်မှု
- ဒုက္ခသည်၊ ခိုလှုံခွင့်ရရှိထားသူ

## ပုဂ္ဂလိက (သို့) ခရီးသွားအာမခံ

အာမခံလွှမ်းခြုံမှုအဆင့်ကို စစ်ဆေးရန်နှင့် နိုင်ငံခြားဆေးရုံ ဆက်ဆံရေးအရာရှိအတွက် ပြည်ပတွင် ဆေးရုံစရိတ် ပေးချေမှုနှင့်ပတ်သက်၍ အာမခံကခြင်း စာဖြင့်ရေးသားထားသည့် အာမခံချက်တစ်ခု တောင်းခံရန်အတွက် သင်အာမခံထားသော အဖွဲ့အစည်းကို ဆက်သွယ်ရန် လိုအပ်မည်ဖြစ်ပါသည်။ ပြည်ပမှ လာရောက်လည်ပတ်သူအားလုံး အောက်ပါစာရွက်စာတမ်းများပေးရန် လိုအပ်မည်ဖြစ်ပါသည်။

- နိုင်ငံကူးလက်မှတ်နှင့် ဗီဇာ
- အာမခံအသေးစိတ်အချက်အလက်များ
- အီးမေးလ်လိပ်စာအပါအဝင် ဇာတိနိုင်ငံနှင့် ဩစတြေးလျနိုင်ငံနှစ်ခုစလုံးအတွက် ဆက်သွယ်နိုင်ရန် (လိပ်စာနှင့် ဖုန်း)၊

## သြစတြေးလျတွင် အမြဲတမ်းနေထိုင်ခွင့်ဗီဇာအတွက် သင်လျှောက်ထားဖူးပါသလား။

အမြဲတမ်းနေထိုင်ခွင့်ဗီဇာကို ရရှိထားပါက နေထိုင်ခွင့်ဗီဇာအရ အကျုံးဝင်သော မိသားစုဝင်အားလုံးအတွက် Medicare အကျိုးခံစားခွင့်ရရှိသည်။

ဒုက္ခသည်များသည် ဒုက္ခသည် အခြေအနေအတွက် လျှောက်ထားရန် လိုအပ်သည်။ အမြဲတမ်းနေထိုင်ခွင့် မရမချင်း အပြဲရောင် Medicare ကဒ်ကို ပေးထားပါသည်။

## အထွေထွေ ဆေးကုသစရိတ်

ပြည်ပမှ ညေ့်သည်အဖြစ် သတ်မှတ်ထားသူများ၏ ဝန်ဆောင်မှုများအတွက် စရိတ်များကို ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်သတ်မှတ်ညှိနှိုင်းထားသည်။ ၂၀၂၅-၂၆ အတွက် အခကြေးငွေများကို အောက်တွင် ကြည့်ပါ–

| | | | |
|---|---|---|---|
| • ဆေးရုံ၏ အရေးပေါ်ဌာနသို့ တက်ရောက်ခြင်း | ကုသမှု ပုံစံ အဆင့်အလိုက် ကခောက်ခံပါသည် | • ညအိပ် အတွင်းလူနာနေထိုင်စရိတ် | တစ်ညလျှင် $၃,၁၁၈.၀၀ |
| • အတွင်းလူနာ တနေ့တာနေစရိတ် | $၃,၀၈၇.၀၀ | • ပြင်ပလူနာဝန်ဆောင်မှု | တစ်ကြိမ်လျှင် $၃၉၁ |

အထက်ဖော်ပြပါ စရိတ်များသည် ကုသမှုနှင့် သက်ဆိုင်သော ကုန်ကျစရိတ်အချို့သာ ဖြစ်ပါသည်။ လိုအပ်သော ကုသမှုပေါ်မူတည်၍ ကုန်ကျစရိတ်များ ထပ်မံကျသင့်နိုင်သည်။ အထက်ပါဝန်ဆောင်မှု စရိတ်များအပြင် အောက်ပါဝန်ဆောင်မှု စရိတ်များကိုလည်း ကခောက်ခံပါသည်။

- ပြင်ပလူနာဌာနမှ ဆေးဆိုင်
- ဓာတ်မှန်ရိုက်ခြင်း၊ x-rays၊ MRI နှင့် အာထရာဆောင်းရိုက်ခြင်းများ။
- ရောဂါဗေဒဌာန၊ ဓါတ်ခွဲခန်း
- ခဖြတုလက်တု ခွဲစိတ်ထည့်သွင်းသော ခဖြတုလက်တုဌာန

သင်သည် ဤကျသင့်ငွေများအားလုံးကို ပေးချေရန် တာဝန်ရှိပါသည်။

## ကုသမှုကုန်ကျစရိတ်များ၊ စပေါ်ငွေများနှင့် ငွေပေးချေမှု အာမခံပုံစံများ

ဆေးရုံတက်မည်ဆိုပါက ဆေးရုံမှ ကျသင့်ငွေများကို ခန့်မှန်း၍သာ တွက်ချက်ပေးနိုင်ပါသည်။ ကုသမှုပေါ် မူတည်၍ ကုန်ကျစရိတ်များသည် ကွဲပြားနိုင်သည်။ ပြည်ပမှ ဧည့်သည်တစ်ဦးအနေဖြင့် RHCA အစီအစဉ်များဖြင့် အကျုံးမဝင်ပါက ဆေးရုံစရိတ်အတွက် ငွေပေးချေရန်အာမခံချက် သို့မဟုတ် ခန့်မှန်းခခြကျသင့်ငွေအတွက် စပေါ်ငွေအပြည့်အဝ ပေးထားရန် လိုအပ်ပါသည်။

## ငွေပေးချေမှု ပုံပြုပ်ခြင်း

ငွေပေးချေလိုပါက ဆေးရုံမှ စာရင်းများထံ ဆက်သွယ်ပါ။ ငွေပေးချေမှု ကို အောက်ပါနည်းများဖြင့်ပေးချေနိုင်သည်

- EFTPOS/ခရက်ဒစ်ကဒ်
- ချက်လက်မှတ်
- ငွေသား
- BPay

## အပြန်အလှန် ကျန်းမာရေး စောင့်ရှောက်မှု သဘာတူညီချက် (RHCA) အရအကျုံးဝင်သည့် ပြည်ပမှ ဧည့်သည်များ

အကျုံးဝင်သည့်ဗီဇာကိုင်ဆောင်ထားပြီး အပြန်အလှန် ကျန်းမာရေးစောင့်ရှောက်မှု သဘာတူညီချက် (RHCA) ရှိသည့် နိုင်ငံတစ်ခု၏ နေထိုင်သူတစ်ဦးဖြစ်သည့် ပြည်ပမှ ဧည့်သည်များသည် သြစတခြေးလျနိုင်ငံတွင် နေထိုင်ချိန်အတွင်းဖြစ်ပေါ်ပြီး သင့်ဇာတိနိုင်ငံသို့ မပြန်မီ လိုအပ်သော ကုသမှုလိုအပ်သည့် နာမကျန်းမှု သို့မဟုတ် ထိခိုက်ဒဏ်ရာအတွက်သာ အကျုံးဝင်မည်ဖြစ်သည်။ သင်သည် ခရီးသွားကျန်းမာရေးအာမခံလည်း လိုအပ်မည်ဖြစ်ပြီး RHCA စီစဉ်ထားသော ကုထုံးအရ အသေးစားခွဲစိတ်မှုများ နှင့် ခွဲစိတ်မှုများ အကျုံးဝင်မည်မဟုတ်ပါ။

RHCA အစီအစဉ်၏ရှိ ရပိုင်ခွင့်များရရှိရန် အောက်ပါစာရင်းဝင်နိုင်ငံတစ်ခုမှတရားဝင်အထောက်အထားများ (နိုင်ငံကူးလက်မှတ်နှင့် ဗီဇာ) စသည်တို့ကို တင်ပြရန် လိုအပ်ပါသည်။

သင်၏အီးမေးလ်လိပ်စာ အပါအဝင် သင်၏ဇာတိနိုင်ငံနှင့် သစြတေးလျနိုင်ငံအတွင်း ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များ (လိပ်စာနှင့် ဖုန်း)လည်း လိုအပ်မည်ဖြစ်ပါသည်။

## RHCA နိုင်ငံများ

- ဘယ်လ်ဂျီယံ
- ဖင်လန်
- အီတလီ
- မော်လတာ
- နယ်သာလန်
- နယူးဇီလန်
- နော်ဝေ
- အိုင်ယာလန်သမ္မတနိုင်ငံ
- ဆွီဒင်
- စလိုဗေးနီးယား
- ယူနိုက်တက်ကင်းဒမ်း (မြောက်အိုင်ယာလန်အပါအဝင်)

RHCA အကျုံးဝင်သည့် ကာလများသည် သစြတေးလျနှင့် မိမိနထေိုင်ရာနိုင်ငံ၏ သဘာဝတူညီချက်ပေါ်မူတည်၍ ကွဲပြားသည်။ ဤအကြောင်း ပိုမိုသိရှိလိုပါက အောက်ပါလင့်ကို ကျေးဇူးပြု၍ဝင်ရောက်ကြည့်ရှုပါ။ https://www.humanservices.gov.au/individuals/services/medicare/reciprocal-health-care-agreements

## စကားပြန်ဝန်ဆောင်မှုများ

စကားပြန်တစ်ဦး လိုအပ်ပါက ကျန်းမာရေးစောင့်ရှောက်မှုအတွက် စကားပြန်ဝန်ဆောင်မှုကို အခမဲ့ရရှိနိုင်ပါသည်။ စကားပြန် စီစဉ်ပေးရန် ဆေးရုံမှ ကျွန်ုပ်တို့၏ ဖော်ရွှေသော ဝန်ထမ်းတစ်ဦးကို မေးမြန်းကြည့်ပါ။

## အချက်အလက် သို့မဟုတ် အကူအညီ လိုအပ်ပါသလား။

စုံစမ်းမေးမြန်းမှုများ သို့ အကူအညီလိုအပ်ပါက ဆေးရုံ၏လူနာဆက်ဆံရေး အရာရှိတစ်ဦးကို ဆက်သွယ်ပါ – ၆၄၅၆ ၀၀၃ သို့မဟုတ် အီးမေးလ် PCH.PatientBilling@health.wa.gov.au

Government of Western Australia
Child and Adolescent Health Service

15 Hospital Avenue, Nedlands, WA, 6009
တယ်လီဖုန်း (၀၈) ၆၄၅၆ ၂၂၂၂
ဘာသာပြန်ဌာနမှဖြန့်ဝေသည်။
Ref 1068.2 © CAHS 2019
ဤစာရွက်စာတမ်းကို မသန်မစွမ်းသူအတွက် တောင်းခံပါက အခြားပုံစံများဖြင့် ရရှိနိုင်ပါသည်။